# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# ၃၀ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၄–၃–၂၀၁၄ ] (တနင်္လာနေ့) ၁၀၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်ရွှေ၊ ဝေါ မဲဆန္ဒနယ်၏ **၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်း ရထားလမ်းချော်မှု၊ တိမ်းမှောက်မှု၊ လူထိခိုက်မှုနှင့် ပစ္စည်းတန်ဖိုး ဆုံးရှုံးမှု မည်မျှရှိကြောင်းနှင့် လမ်းချော် တိမ်းမှောက်မှုမဖြစ်ရေး အတွက် မည်သို့ဆောင်ရွက်နေပါကြောင်း သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဒေါ်စန္ဒာမင်း၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၏ **နေပြည်တော်ကောင်စီနယ်မြေ အတွင်း ပုံစံ (၆၆)မရရှိသေးသော ပြည်သူများအား ပြန်လည် စိစစ်၍ ထပ်မံထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိရေး မည်ကဲ့သို့ စဉ်းစားပေးမည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံသား နိုင်ငံခြားသားများအပေါ် ဗီဇာကြေးပိုမိုကောက်ခံနေခြင်းမှာ မှန်ကန်မှုရှိ/မရှိနှင့် နိုင်ငံခြားသားများ (မြန်မာနိုင်ငံသား နိုင်ငံခြားသားများ အပါအဝင်) ပြည်တွင်း၌ နေထိုင်ခွင့် အခွင့်အရေး (PR) အား မည်သည့်အချိန်တွင် စတင်နိုင်မည်ကို သိရှိလိုကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်(ကိုယ်စား) ဦးတင်လှိုင်၊ ကလေး မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်အတွင်း နေထိုင်သော ရှမ်းနီ(ခ) တိုင်းနိုင်း တိုင်းရင်းသားများသည် သန်းခေါင်စာရင်း ကောက်ယူရာတွင် အခက်အခဲများ ကြုံတွေ့နေရခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **သန်းခေါင်စာရင်း ကောက်ယူရာတွင် ကချင်မျိုးနွယ်စုအားလုံးကို ကချင်တိုင်းရင်းသားလူမျိုးဟု သတ်မှတ်ကြေညာပေးရန်နှင့် သန်းခေါင်စာရင်း ကောက်ယူပြီးစီး၍ စာရင်းများ ပြန်လည်ပြုစုရာတွင် ကချင်မျိုးနွယ်စုအားလုံး၏ သဘောတူညီချက် ရယူပြီး ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုမှတ်တမ်းတင်ရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက တင်သွင်းသည့် **“၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။